
## Media Release

# မောက္ခပညာရေး မဂ္ဂဇင်း အမှတ် (၁) ထုတ်ဝေ ဖြန့်ချိ

၂၁ မတ်လ ၂၀၁၀



ပညာရေးအခွင့်အရေး၊ ပညာရေး တရားမျှတမှုနှင့် ကျောင်းပညာရေး အရည်အသွေး တိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် မောက္ခပညာရေးမဂ္ဂဇင်းကို စတင် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ စာမျက်နှာ ၁၄၉ မျက်နှာရှိ ပညာရေးမဂ္ဂဇင်းအမှတ် (၁) ကို မောက္ခဆရာအတတ်ပညာ သင်တန်းကျောင်း (မောက္ခအင်စတီကျု) ၏ စီမံချက်တစ်ခု ဖြစ်သည့် မောက္ခပညာရေး စာပေတိုက်မှ စီစဉ်တင်ဆက်ခြင်း ဖြစ်သည်။

"...တရားမျှတမှုနှင့် လွတ်လပ်မှုတို့ဖြင့် ချယ်မှုန်းထားသော ပညာလူ့အဖွဲ့ အစည်းသို့ ပြောင်းလဲရန် ဤခရီးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်ချင်လှပါသည်။ ပိုမို သေချာသော လမ်းကြောင်းတစ်ခု အနေဖြင့် ပညာရေး အသိပညာ၊ ပညာရေး ခံစားချက်၊ ပညာရေး အတွေးအမြင်တို့ဖြင့် လမ်းဖောက်ခဲ့ပါမည်။..." "...ဤကျရှုံးနိုင်ငံအတွင်း ပညာရေး အောင်မြင်မှုအတွက် ရှုန်းကန် တိုက်ပွဲဝင်လျှက် ရှိကြသော ယဉ်ကျေးမှုရှေ့ဆောင် သူရဲကောင်း ဆရာဆရာမများ၏ လုပ်သားဆန်ခြင်းနှင့် စွမ်းဆောင်ရည်တို့ကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုချင်သေးသည်။" ဟူ၍ အဖွင့်စကားဖြင့် မိတ်ဆက်ထားရှိသည်။

တာဝန်ခံအယ်ဒီတာဖြစ်သူ ဆရာဦးသိန်းနိုင်မှ ပညာရေးမဂ္ဂဇင်း ထုတ်ဝေခြင်းနှင့် ပတ်သက်၍ ဤသို့ရှင်းလင်း တင်ပြခဲ့ပါသည်။ "မြန်မာနိုင်ငံမှာ ပညာရေး လွတ်လပ်ခွင့်နဲ့ တရားမျှတမှုတွေ ဆုံးရှုံးနေတာကြာပါပြီ။ ကျောင်းသား အခွင့်အရေး၊ ဆရာဆရာမ အခွင့်အရေးတွေပါ။ ဖော်ထုတ်ခွင့်လည်း မရှိဘူး။ အင်မတန် စိုးရိမ်စရာ ကောင်းတဲ့ အခြေအနေဆိုးကို ရင်ဆိုင်နေကြရတယ်။ မျိုးဆက်သစ် လူငယ်ကျောင်းသားတွေရဲ့ အနာဂတ် ကံကြမ္မာတွေ အတွက် ပညာရေးက ဖန်တီး ပြင်ဆင် ပေးနိုင်ရမှာဖြစ်တယ်။ ဒါကြောင့် လစ်ဟာနေတဲ့ ပညာရေး ကွက်လပ်ကို ဖြည့်ဆည်းပေးချင်တာပါ။ ကလေးတွေအားလုံးကျောင်းနေနိုင်ဖို့နဲ့ ပညာရေး အရည်သွေးမြင့်မားလာဖို့ကိုလည်း စည်းရုံးလှုံ့ဆော်မှာ ဖြစ်တယ်။ အဓိကအားဖြင့်တော့ ဒီမိုကရေစီ လူ့အဖွဲ့အစည်းကို ဦးတည်တဲ့ ပညာရေးဖြစ်ဖို့ ကြိုးစားသွားမှာပါ။"

ပထမဆုံးထုတ် မဂ္ဂဇင်းတွင် ပြည်တွင်းနှင့် နယ်စပ်ဒေသများမှ စာရေးဆရာ၊ ကျောင်းဆရာဆရာမ၊ ကျောင်းသူကျောင်းသား စုစုပေါင်း ၅၀ ဦးမှ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ပုံပြင်နှင့် သုတေသနစာတမ်းများပုဒ်ရေ ၅၀ ကို ဖန်တီးရေးသားပေးခဲ့ကြသည်။ ပုံမှန် ၃ လ တစ်ကြိမ် ထုတ်ဝေမည်ဖြစ်ပြီး ဆရာဆရာမများနှင့် ကလေးများအတွက်လည်း အခြားစာအုပ်စာတမ်းများကို ပြုစုထုတ်ဝေသွားမည်ဖြစ်သည်။

ထိုင်းနယ်စပ်အခြေစိုက် ပညာရေးမဂ္ဂဇင်းကို ဒုက္ခသည်စခန်းများ၊ ရွှေ့ပြောင်းအလုပ်သမားဒေသများနှင့် တိုင်းရင်းသားဒေသများရှိ စာသင်ကျောင်းများတွင် ဖြန့်ချိမည်ဖြစ်သည်။ ထို့အပြင် မြန်မာ၊ အင်္ဂလိပ် ၂ ဘာသာ ပညာရေးမဂ္ဂဇင်း ဝဘ်ဆိုက်တွင်လည်း ပြည်တွင်းနှင့် နိုင်ငံတကာပညာရေးသတင်းများ၊ ကာတွန်း၊ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ စာဖတ်ခန်းနှင့် ကလေးများအတွက် စသည့် ကဏ္ဍအစုံအလင်ဖြင့် နေ့စဉ် တင်ဆက်ထားရှိသည်။



ဆက်သွယ်ရန်

သိန်းနိုင်
တာဝန်ခံအယ်ဒီတာ
Tel. 0833 974 515
Email: editors@maukkha.org Web: www.maukkha.org